# သပြေပင်ကျေးရွာ

## သပြေပင်ကျေးရွာအုပ်စု၊ ဘုတလင်မြို့နယ်

## စစ်ကိုင်းတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

**စီမံကိန်းပြုစုရေးသားသည့် အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ သပြေပင်ကျေးရွာ**

**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘုတလင်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)**

**ဇူလိုင်လ၊ ၂၀၁၈**

## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**(င) ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**(ဇ)** ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ


## ၁။ တည်နေရာနှင့် ပထဝီအနေအထား

သပြေပင်ကျေးရွာသည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ကုန်းသာအုပ်စု၊ ဘုတလင်မြို့နယ်၏ အရှေ့ဘက်၊ မုံရွာ–ရွှေဘိုကားလမ်းအရှေ့ဘက် (၃)ဖာလုံအကွာတွင် တည်ရှိပါသည်။သပြေပင်ရွာ၏ မြောက်ဘက်မှ ဘုတလင်–အင်းတဲလမ်း ဂျင်းကျောက်လမ်းဖြစ်ပြီး ရွာ၏တောင်ဘက်မှသားဖန်းလမ်းထိ လမ်း

နှစ်စုံကြားတွင် တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသဖြစ်၍ မိုးရာသီတွင် အင်းတဲတောင်ရိုးမှ စီးဆင်းလာသော စိန်ပန်ရိုးရေး သားဖန်းတောင်ရိုးမှ စီးဆင်းလာသော တောင်ကျချောင်းရေများ နှစ်ချောင်း ပေါင်းစုံလျှင် ရွာတောင်ချမ်းရှိ အိမ်ခြေများ ရေနစ်မြုပ်မှုများရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ သဘာဝပေါက်ပင်များမှ ရှား၊ထနောင်း၊ ကုက္ကိုနှင့်ညောင်တမာ၊ မန်ကျီးပင်များ ပေါက်ရောက်ပြီး အပူပိုင်းဒေသအားလျော်စွာ ရွှေကြာတန်ဆောင်း၊တောခံပင်များပေါက်ရောက် လျက်ရှိပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးအတွက် သားဖန်း-ဘုတလင်ဘေးဝဲယာတွင် ယူကလစ်ပင်များ စိုက်ပျိုးထားရှိပြီး ခရီးသွားများအရိပ်ရသော်လည်း ဘေးပတ်ဝန်းကျင်လုပ်စားမြေများအနေဖြင့် မြေဆီဩဇာ ခြောက်ခန်းလျက် တောင်သူဦးရေ(၂၀)ခန့်လုပ်စားမြေဧက(၃၀)ဝန်းကျင်သည် တောင်သူများအဖို့ အခက်တွေ့စေပါသည်။ မိုးစပါးစိုက်ပျိုးနိုင်သော လယ်ဧက (၂၀၀)ကျော် ရှိသည့်အနက် မိုးရွာသွန်းမှ ပျိုးထောင်စိုက်ပျိုးနိုင်ပါသည်။မြေအမျိုးအစားမှ စာနယ်မြေ၊ နုံးမြေ၊ သဲမြေ၊ ဂျင်းမြေ၊မြေနီ၊ ကြပ်ကုန်းမြေများ ဖြင့်ယာမြေအလွန်မကောင်းပါ။ မြေအမျိုးအစားကိုလိုက်၍ ပဲစင်းငုံ၊ မြေပဲ၊ ပဲကြီး၊ ကုလားပဲတို့ကို ရာသီအလိုက် အလျင့်သင့်သလို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊နာရေးကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။အမျိုးသား၊အမျိုးသမီး၊လူငယ်အဖွဲ့၊ချက်ပြုတ်ရေးအဖွဲ့၊ဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့၊ကျေးရွာအရံမီးသတ်တပ်ဖွဲ့ လျှပ်စစ်မီးလင်းရေးအဖွဲ့၊နာရေးကူညီစောင့်ရှောက်ရေးအဖွဲ့၊အမျိုးသမီးရေးရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များဖြင့် သာရေးနာရေးလူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသူရွာသားများ အားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါ သည်။

ပြင်ပအသေးစားချေးငွေအဖွဲ့များ အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းအချို့ရှိသော်လည်း စီမံချက်ဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသော ပုံစံဖြစ်ပါသည်။

ခြုံငုံ၍ သုံးသပ်ရလျှင် သာရေး၊နာရေးကိစ္စရပ်များဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းမရှိသေးပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးကြပါသည်။နှမ်း၊ ပဲစင်းငုံ၊ မြေပဲကို အဓိကထား၍ စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် စပါးရိုးပြတ်ခင်းများကို ကုလားပဲ၊ နေကြာသီးထပ်အဖြစ် စိုက်ပျိုးပြီး မိုးစပါးဧက(၂၀၀)ကျော်အား မိုးလေဝသ

ကောင်းမွန်ပါက တစ်ဧကပျမ်းမျှအထွက်နှုန်း (၅၅)တင်းထွက်ရှိပြီး ပဲမျိုးစုံမှာ တစ်ဧက(၈)တင်းနှုန်းထိ ထွက်ရှိပါသည်။မြေပဲ၊နှမ်း၊ပဲစင်းငုံ၊နှမ်း၊နေကြာကို ဧပြီ၊မေလတွင် စိုက်ပျိုးပြီး စပါးကို ဇွန်၊ဇူလိုင်လများတွင် စိုက်ခင်းကျဲခြင်း၊ပျိုးထောင်၍လည်း လုပ်ကိုင်ကြပါသည်။စပါးကို နိုဝင်ဘာလတွင် ရိတ်သိမ်းကြပြီး ဆောင်းသီးနှံအဖြစ် နှမ်း၊ပဲဒီစိမ်း၊မတ်ပဲ၊ပဲကြီး၊ပဲနီလေးကို စက်တင်ဘာလနှင့်အောက်တိုဘာလတွင် စိုက်ပျိုးကျဲချပြီး အောက်တိုဘာနှင့်နိုဝင်ဘာလများတွင် ကုလားပဲ၊နေကြာများကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ သီးနှံထွက်ရှိမှု မကောင်းခြင်း, ဈေးကောင်းမရခြင်း။ ကိုယ်မျိုးနှင့်ကိုယ်မထားနိုင်ခြင်း၊ ဈေးကြီးပေးရ၍ စိုက်ပျိုးရခြင်း၊ လုပ်သားရှားပါးခြင်း၊ သွင်းအားစုများပြည့်မီအောင်မသွင်းနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးတောင်သူ များမှာ ရရှိမှုနှင့် ကုန်ကျမှုမှာ မမျှတခြင်းနှင့် တွေ့ကြုံနေရပါသည်။

သပြေပင်ရွာဦးမှ မြောက်မှ တောင်သို့ ဖောက်လုပ်ထားသောချင်းတွင်းမြစ်ရေတင် တူးမြောင်းရှိသော်လည်းမြစ်ရေမရရှိပါ။မြစ်ရေတင်တူးမြောင်းမှစိုက်ပျိုးရေရရှိပါက တူးမြောင်း ဝန်းကျင်ရေသောက်ဇရိယာ ဧက (၇၀.၈၀)ခန့် အကျိုးမြတ်ဖြစ်ထွန်းမည်ဖြစ်ပါသည်။

ကျေးရွာအတွင်းတွင် တစ်နိုင်တစ်ပိုင်မွေးမြူသော မိသားစုများ အလွန်နည်းပါးပါသည်။ တစ်ခြားအသက်မွေးမှု စီးပွားရေးအနေဖြင့် လက်ယက္ကန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းကို တောင်သူနှင့်မြောက်သူများမှာ တွဲဖက်၍ လုပ်ကိုင်ကြပါသည်။လက်ယက္ကန်းစင်ပေါင်း(၁၈၀)စင်ခန့်ရှိသော်လည်း ကုန်ကြမ်းဈေးကြီးခြင်း၊ ကုန်ချောဈေးနည်းပါးခြင်း၊ကိုယ်ပိုင်တင်သော်လည်း လုပ်အားခသာသာရရှိ၍ တွက်ချေမကိုက်ပါ။ ဆောက်လုပ်ရေး လုပ်ငန်းတွင် ရွာနီးဝန်းကျင် မြို့ကြီးများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲနိုင်ရန် ရွာတွင် အဲယားကွန်နတာ(၂")ရေတွင်းရှိသော်လည်း သောက်သုံးရေမဖူလုံပါ။ရွာဦးဘုန်းကြီးကျောင်းမှ စက်ရေတွင်းရေစင်မှ ပေးသော ရေကိုပိုက်များသွယ်၍ တစ်ယူနစ်လျှင်(၂၀၀)ကျပ်ဖြင့် အိမ်ခြေတစ်ရာ ဝန်းကျင်ကို လည်းကောင်း ကျန်အိမ်ထောင်စုများမှာ ရွာအပြင်အမြင့်ရေစင်(၂")ရေတွင်းမှ ပိုက်များသွယ်တန်း၍ သုံးစွဲရခြင်း ရွာတောင်ပေါက်မှ လက်တူးတွင်းမှ ရေကို ခပ်ယူသုံးစွဲရခြင်း ၎င်းတွင်းများမှ မိုးအခါရေပေါ၍ နွေအခါရေပြတ်လပ်မှုများရှိပါသည်။ အိမ်ထောင်စု ကိုးဆယ်အား သဲသောက်ရေစစ်အိုးများပြုလုပ်ပေးသော် လည်း သုံးစွဲသူ နည်းပါးကြောင်း တွေ့ရှိရပါသည်။**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေရေးကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တစ်ဧကလျှင် (၅၀၀၀၀၀/-)နှုန်းဖြင့် ချေးငွေထုတ်ပေးပါသည်။ ပက်စ်မြန်မာမှ ချေးငွေဝန်ဆောင်မှုများလည်း တစ်အိမ်ထောင်စုလျှင်(၃၀၀၀၀၀/-)နှုန်းဖြင့် ထုတ်ချေးပါသည်။ တောင်သူ လယ်သမားများသာမကပဲ တခြားအသေးစား စီးပွားရေးလုပ်ငန်းများထူထောင်ရန်နှင့် အခြား

တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ အရောင်းအဝယ်စသော လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

**(c) ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း မရှိသောကြောင့် ရွာနီးကိုင်းဂူ ကျေးရွာမူလတန်း ကျောင်းသို့သွားရောက် ပညာသင်ကြားရသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်း မမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ် များမရှိပါ။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိ သလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီး များတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုး ထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများ ဝမ်းစာအတွက် နေ့စဉ် ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့်(၁)မိုင် ကွယ်ဝေးသော ကိုင်ဂူကျေးရွာ ကျေးလက် ကျန်းမာရေး ဆေးပေးခန်းမှ ရရှိကြသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း(၂)ဦးရှိပြီး အခြေခံကျန်းမာရေး စောင့်ရှောက်ခြင်း ဝန်ဆောင်မှုများ ရရှိကြပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ် ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ် ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေဩဇာ များအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများ နှင့်ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်နှင့်မတ်ပဲ၊ ပဲဒီစိမ်းစိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်း အန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီ မိုးရက်ဆက် ရွာသွန်း လျှင် စပါးခင်းများ ရေနှစ်မြှုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည် စိုက်ပျိုးရခြင်းများ ကြုံတွေ့ ကြရသည်။**

**(၈) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသား များသည် လယ်ထွန်ခြင်းစသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်အတူပူးပေါင်း ဆောင်ရွက်ကြသည်။

လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများ ထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား-မတန်းတူ အခွင့်အရေးရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား | ကျေးရွာအတွင်းဂျင်းလမ်းခင်းခြင်း | ၁ |
| ၂ | ရေပေးရေး | ကျေးရွာအတွင်း ၄'' ရေတွင်းတူးဖော်ခြင်း | ၂ |
| ၃ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၃ |
| ၄ | | | ၄ |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

| | | | |
|---|---|---|---|
| | | | |

**ဘုတလင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**နှစ်အလိုက် ဦးစားပေးစီမံချက်**

**သပြေပင်ကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာ၊ ဘုတလင်မြို့နယ်**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာအတွင်းဂျင်းလမ်းခင်းခြင်း | ၁ | Â | | | | |
| ၂ | ကျေးရွာအတွင်း ၄'' ရေတွင်းတူးဖော်ခြင်း | ၂ | | Â | | | |
| ၃ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၃ | | | Â | | |

| ၄ | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |

**ဘုတလင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးရွာဦးစားပေးစီမံချက်များ**

မြို့နယ် ဘုတလင် ကျေးရွာသပြေပင်

| စဉ် | စီမံချက်အမည် | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကျေးရွာအတွင်းကျင်းလမ်းခင်းခြင်း | ၁၀၀ | ၁ |
| ၂ | ကျေးရွာအတွင်း ၄'' ရေတွင်းတူးဖော်ခြင်း | ၈၀ | ၂ |

| ၃ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၆၀ | ၃ |
|---|---|---|---|
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ပြုစုသူအမည် - ဦးညွန့်ဝင်း ဖုန်းနံပါတ် ၀၉-၄၅၈၀၆၂၂၃၉

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားများ | ဖြေရှင်းမည့်နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ရွာတွင်းလမ်း မကောင်းခြင်း | ရေစီးရေလာမကောင်း ခြင်းချို့ယွင်းမှားဖြစ်ခြင်း ရေတိုက်စားခြင်း | ရွာမှလုပ်အားနှင့်သဲ၊ကျောက် များရှိခြင်း | ငွေကြေးခက်ခဲခြင်း၊ ကျေးရွာလူထုပါဝင်ပူးပေါင်း ဆောင်ရွက်မှုအားနည်းခြင်း | ကျေးရွာထည့်ဝင်ငွေရှိခြင်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | လမ်းမြေသားဖို့ခြင်း ဂျင်းလမ်းခင်းခြင်း |
| သောက်သုံး ရေတွင်း | အများနှင့်ဆိုင်တွင်း မရှိခြင်း | လူအင်အား၊သဲ၊ကျောက်၊လုပ် အားရှိခြင်း၊မြေနေရာရှိခြင်း | ငွေကြေးမပြည့်စုံခြင်း ပူးပေါင်းဆောင်ရွက်မှုအား နည်းခြင်း | ကျေးရွာလူထုအတူပူးပေါင်း ၍သက်ဆိုင်ရာရေအရင်း အမြစ်၊ ကျေးလက်ဒေသရေ ရရှိရေးနှင့်ပူးပေါင်းဆောင် ရွက်ခြင်း | အမြင့်တင်ရေစင်နှင့် ၄''စက်ရေတွင်းရွာ တွင်းရေသွယ်တန်း ပေးဝေရေဆောင် ရွက်ခြင်း |
| ဆေးပေးခန်း | ကျန်းမာရေး | သဲ ကျောက် | ငွေကြေး၊မြေနေရာ | သက်ဆိုင်ရာကျန်းမာရေး ဌာနနှင့်ရပ်ရွာမှပူးပေါင်း ဆောင်ရွက်ခြင်း | ကျေးလက်ဆေးပေး ခန်းတည်ဆောက် ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၁၃ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၁၁ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၂၂ | ၄၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၁၆ | ၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၉ | ၃၂၄ | ၅၆၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၆ | ၅၄ | ၉၀ |
| **စုစုပေါင်း** | | **၃၃၃** | **၄၄၀** | **၇၇၃** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၉၃** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နို့စို့အရွယ်(၁၆)ဦး၊၅နှစ်အောက်ကလေးငယ်ကျား(၂၅)၊ မူလတန်း ကျောင်းသား အရွယ်ကျား(၄၆)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၃၃)ဦး အလုပ်လုပ်နိုင်သည့်အရွယ်(၅၆၃)ဦးနှင့်သက်ကြီး ရွယ်အို (၉၀)ဦးရှိပါသည်။**

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၀၄.၁၆ | သင့် | မရ | - |
| ယာမြေ | ၆၃၈.၄၂ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | ၁.၀၀ | - | - | - |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၈၄၃.၅၈ | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ**

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင် မြေဆီလွှာညံ့ဖျင်း၍ သီးနှံထွက်ရှိမှုနည်း၊ ဈေးမတည်ငြိမ်ခြင်း၊စိုက်ပျိုးရေးမရရှိခြင်း၊လုပ်အားလစ်ဈေးမြင့်၍ လုပ်သားမငှါးရမ်းနိုင်ခြင်း၊ လုပ်သားရှားပါးခြင်း တို့ကို တွေ့ရပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ခါတ်ငွေ့/ရေနံ) | မရှိ | - |
| ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျမ်းမျှအပူချိန် - | ပျမ်းမျှ မိုးရေချိန် - | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။----------

---

---

---

---

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာ တောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာ တောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖအဖွဲ့ | ၁□ ၂□ ၃□ | ပညာရေး□ ငွေကြေး□<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်းမွန်ပါသည်။ |
| ၂ | လူမှုရေးအဖွဲ့ | ၁□ ၂□ ၃□ | ပညာရေး□ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့် ကာကွယ်ရေး□ | ကောင်းမွန်ပါသည်။ |
| ၃ | -အမျိုးသမီးအဖွဲ့ | ၁□ ၂□ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်းမွန်ပါသည်။ |
| ၄ | - | ၁□ ၂□ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | - |
| ၅ | - | ၁□ ၂□ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | - |
| ၆ | - | ၁□ ၂□ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | - |
| ၇ | - | ၁□ ၂□ ၃□ | ပညာရေး □ ငွေကြေး □ | - |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာ တောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။အထက်ပါအဖွဲ့အစည်းများသည် ကျေးရွာ၏ လူမှုလုပ်ငန်း များတွင် ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ကေနှင့်အထက် | ၅က | ၂က | မရှိ |
| အိမ်အခြေအနေ | အာစီ၊သွပ်မိုး | သွပ်မိုးနံကပ် | သွပ်မိုးကပ်ကာ | ထန်းရွက်မိုးကပ်ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် | ဆိုက်တွဲ | နွားလှည်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ၊ယက္ကန်း | တောင်သူ၊ လက်သမား | တောင်သူ၊ကူလီ | ကျဘမ်း |
| အိမ်ထောင်စု | ၁၈ | ၈၄ | ၈၂ | ၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာ၏ ဥစ္စာဓနအခြေအနေမှာအဆင်ပြေသော အိမ်ထောင်စုထက်ဝက်နှုန်းသည် မပြေလည်သော အနေအထားတွင် တွေ့ရှိရပါသည်။အလယ်အလတ်ရှိသော အိမ်ထောင်စုများသည်လည်း လုပ်ငန်းရှိလျက် လည်ပတ်မှုအားနည်းကြောင်း တွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာဇ၀ိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၄ | ၄၈.၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၁၁ | ၅.၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၁ | ၁၀.၉ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား( ၅ဟတ်တာထိ) | ၄၈ | ၂၄.၉ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၁၉ | ၁၀ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၉၃ | ၁၀၀ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ မြေယာပိုင်ဆိုင်မှုအလွန်နည်းပါးသည်။မြေယာသည်လည်း သဲမြေ၊မြေနီကုန်းများရှိခြင်း ဝိုများပြီး နှုန်း၊စနယ်မြေသည် အလွန်နည်းပါးကြောင်း၊မြေယာမပိုင်ဆိုင်သော မိသားစုဝင်များပြီး လက်လုပ်လက်စားလုပ်ကိုင်သူများကြောင်းတွေ့ရှိရပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား** (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု(နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၂၀၄.၁၆ | တင်း | ၂၀ | ၄၀ | ၃၀ | သင့် |
| ကုလားပဲ | ၈၉.၄၂ | တင်း | ၈ | ၁၂ | ၁၀ | သင့် |
| နေကြာ | ၅၀.၀၀ | တင်း | ၈ | ၁၂ | ၁၀ | သင့် |
| နှမ်း | ၁၅၀.၀၀ | တင်း | ၅ | ၉ | ၇ | သင့် |
| ပဲစင်းငုံ | ၂၀၀.၀၀ | တင်း | ၈ | ၁၂ | ၁၀ | သင့် |
| ပဲဒိစိမ်း | ၁၅၀.၀၀ | တင်း | ၆ | ၈ | ၇ | သင့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရာသီဥတုမမှန်ကန်ခြင်း၊ ရောဂါပိုးမွှားကျရောက်ခြင်း၊ပဲ့ပိုးမှုသွင်းအားစုမထည့်နိုင်ခြင်း၊သီးနှံအထွက်နှုန်းလျော့ကျခြင်း၊သီးနှံစျေးမတည်ငြိမ်ခြင်း၊ရာသီအဓိစိုက်ပျိုးနိုင်မှုအားနည်းခြင်း၊စက်ယန္တရားသုံးစွဲနိုင်မှုမရှိခြင်းတို့ကြောင့် ခံစားနိုင်မှု နည်းပါးပါသည်။စိုက်ပျိုးချိန်တွင် ကိုယ့်မျိုးနှင့်ကိုယ်မထားနိုင်ခြင်းစျေးကြီးပေးဝယ်သုံးရခြင်းကိုလည်းတွေ့ရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၇၄ | ၂၆၂ |
| **နို့စားနွား** | - | - |
| **ကျွဲ** | - | - |
| **မြင်း** | - | - |
| မြည်း | ၁ | ၁ |
| လား | - | - |
| ဆိတ် | ၁ | ၃၀ |
| သိုး | - | - |
| ဝက် | ၅ | ၅ |
| ကြက် | ၁ | ၃၀ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးဘက်ကြည့်လျှင် မိသားစုများ၏ တနိုင်တပိုင်မွေးမြူမှုသည် အလွန်အားနည်းကြောင်းတွေ့ရပါသည်။အသိပညာရှင်များ၊ ငွေကြေးအရင်းအရင်း၊ပညာပေးလုပ်ငန်းများဖြင့် စနစ်တကမွေးမြူတတ်

**အောင် လေ့ကျင့်ပျိုးထောင်ပေးလျှင် တစ်ဖက်မှမိသားစုဝင်ငွေတိုးလာမှာ ဖြစ်ကြောင်းတွေ့ရပါသည်။**

### (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေး နှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၃၀ | ၆၅ | ၁၀ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၂ | ၁ | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁၀ | ၁၀ | ၁၀ | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၄၅ | ၆ | ၁၀ | |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | ၂ | ၁ | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေး ခြင်း လုပ်ငန်းအပါအဝင်ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | ၁၀၀ | ၁၈၀ | - | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၈ | ၁၄ | - | |
| ၁၃ | ကျန်းမာရေး | ၂ | ၂ | ၂ | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၇ | ၇ | - | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော် ပြပါလုပ်ငန်းများမှအပ) | ၁၀၀ | ၁၈၀ | - | - |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းတွင် တပိုင်တနိုင်လုပ်ကိုင်သော လက်ယက္ကန်း စင်ရှိ၍ အများကို လုပ်ငန်းပေးနိုင်သော အလုပ်ရုံပိုင်များမရှိပေ။လုပ်သားခက်ခဲရှားပါးမှုဖြစ်ကြောင်းတွေ့ရပါသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဘုတလင်မြို့ | ဘုတလင်မြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် □Â<br>၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □<br>၁၅ မိုင် အထက် □ | ၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □<br>၂၁ မှ ၃၀ မိုင် □ Â ၃၀မှ ၅၀ မိုင် □<br>၅၁ မှ ၁၀၀ □ ၁၀၀မိုင်အထက်□ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် □Â<br>ကား/ထော်လာကျီ□ ရထား□<br>သုံးဘီးဆိုင်ကယ်□ လှေ□ စက်လှေ □ | ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် □Â<br>ကား/ထော်လာကျီ □ Â ရထား □<br>သုံးဘီးဆိုင်ကယ် □ လှေ □<br>စက်လှေ □ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးဆုံးဈေးမှ ဘုတလင်မြို့နယ်တွင် တည်ရှိပါသည်။ ၎င်းဈေးသို့ ဆိုင်ကယ်ဖြင့် သွားရောက် ဝယ်ယူကြပါသည်။**

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁□Â ၂□ ၃□<br>၄□ ၅□ | ကောင်း□<br>သင့်□<br>ညံ့ □Â | ပွင့်လင်း ရာသီ □<br>တစ်နှစ်ပတ်လုံး□Â | ၀-၁ မိုင် □Â<br>၁-၅ မိုင် □<br>၅-၁၀ မိုင် □<br>၁၀မိုင်အထက်□ |
| ချဉ်းကပ်လမ်း | ၁□Â ၂□ ၃□<br>၄□ ၅□ | ကောင်း□<br>သင့်□Â<br>ညံ့□ | ပွင့်လင်း ရာသီ □<br>တစ်နှစ်ပတ်လုံး□Â | ၀-၁ မိုင် □Â<br>၁-၅ မိုင် □<br>၅-၁၀ မိုင် □<br>၁၀မိုင်အထက်□ |
| ရွာချင်းဆက်လမ်း | ၁□ ၂□Â ၃□<br>၄□ ၅□ | ကောင်း□<br>သင့်□ Â<br>ညံ့□ | ပွင့်လင်း ရာသီ □<br>တစ်နှစ်ပတ်လုံး□Â | ၀-၁ မိုင် □<br>၁-၅ မိုင် □Â<br>၅-၁၀ မိုင် □<br>၁၀မိုင်အထက်□ |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**
**လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။မိုးရာသီတွင် လမ်းမကောင်းခြင်း၊ ကြောင့် သွားလာရန် အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။**

**(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး(မိုင်)အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town<br>အကွာအဝေး(မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ Â | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ Â |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ Â | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐Â |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**
**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေကြောင်းအသုံးမပြုကြပါ။**

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဘာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာကျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၁၈၀ | ၁၈၉ | ၅ | ၁ | ၂ | - | ၅၇ |

**ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ထော်လာကျီ၊ နွားလှည်း များကိုသာ အသုံးပြုကြပါသည်။**

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု** အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၁၂၁ |
| ဆိုလာစနစ် | - |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ် | - |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၇၂ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအခြေအနေမှာ ရွာ၏အိမ်ထောင်းစုထက်ဝက်ခန့် သာ မီးသွယ်တန်းအသုံးပြုကြပါသည်။**

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၃၄ | ၂၆ | ၆၇ |

**ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်း၊ရေဒီယိုနှင့်တီဗွီများသာအသုံးပြုကြပါသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၃ | ၂၅ | ၄၈ |
| အလယ်တန်း | ၁၆ | ၁၃ | ၂၉ |
| အထက်တန်း | ၇ | ၁၁ | ၁၈ |
| တက္ကသိုလ်/ကောလိပ် | ၂ | ၉ | ၁၁ |
| **စုစုပေါင်း** | **၄၈** | **၅၈** | **၁၀၆** |

**ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။ ။**ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး"ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/ သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ် ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မူလတန်းကျောင်းသားဦးရေ(၂၃)ဦး၊ကျောင်းသူဦးရေ(၂၅)ဦး၊ အလယ်တန်း ကျောင်းသားဦးရေ(၁၆)ဦး၊ ကျောင်းသူဦးရေ(၁၃)ဦး၊ အထက်တန်းကျောင်းသားဦးရေ(၇)ဦး၊ကျောင်းသူဦးရေ(၁၁)**

**ဦး၊တက္ကသိုလ်ကျောင်းသားဦးရေ(၂)ဦး၊ကျောင်းသူဦးရေ(၉)ဦးရှိပါသည်။**

**(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း □ Â<br>မူလွှန် □<br>အလယ်တန်း(ခွဲ) □<br>အလယ်တန်း □<br>အထက်တန်း(ခွဲ) □<br>အထက်တန်း □ | | | မူလတန်း □ Â<br>မူလွှန် □<br>အလယ်တန်း(ခွဲ) □<br>အလယ်တန်း □<br>အထက်တန်း(ခွဲ) □<br>အထက်တန်း □ | | | မူလတန်း □ Â<br>မူလွှန် □<br>အလယ်တန်း(ခွဲ) □<br>အလယ်တန်း □<br>အထက်တန်း(ခွဲ) □<br>အထက်တန်း □ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင် မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | | | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင် မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | | | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင် မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | | |
| **ဂ။**သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု | ခြေလျင် □ Â<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | | | ခြေလျင် □ Â<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | | | ခြေလျင် □ Â<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၇၀×၃၀<br>၆၀×၃၀ | | | ၇၀×၃၀<br>၆၀×၃၀ ' | | | ၇၀×၃၀<br>၆၀×၃၀ | | |
| **င။** အမိုး၊ နံရံ၊ အခင်းအရည်အသွေး | ကောင်း□ သင့်□Â<br>ညံ့□ | | | ကောင်း□ သင့်□Â<br>ညံ့□ | | | ကောင်း□ သင့်□Â<br>ညံ့□ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်□Â<br>မလုံလောက်ပါ □ | | | လုံလောက်မှုရှိသည်□Â<br>မလုံလောက်ပါ □ | | | လုံလောက်မှုရှိသည်□Â<br>မလုံလောက်ပါ □ | | |
| **ဆ။** ကျောင်းအိမ်သာအခြေအနေ | ကောင်း □Â သင့် □<br>ညံ့ □ မရှိ □ | | | ကောင်း □ Â သင့် □<br>ညံ့ □ မရှိ □ | | | ကောင်း □ Â သင့် □<br>ညံ့ □ မရှိ □ | | |
| **ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်□Â<br>တိုက်ကျွေးမှု မရှိပါ□ | | | တိုက်ကျွေးမှုရှိသည်Â<br>တိုက်ကျွေးမှုမရှိပါ□ | | | တိုက်ကျွေးမှုရှိသည်□Â<br>တိုက်ကျွေးမှု မရှိပါ□ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၅ | ၅ | - | ၅ | ၅ | - | ၅ | ၅ |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက(က၊ ခ၊ ဂ)ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်း ဧရိယာ(စတုရန်းပေ=အလျား×အနံ)သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်**

**အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ကျေးရွာအတွင်း၌ တည်ရှိပါသည်။**

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသော ရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှောက | မြင့်□ | နိမ့်□ Â | မရှိ□ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်□ | နိမ့်□ Â | မရှိ□ |
| ၃ | ငှက်ဖျား | မြင့်□ | နိမ့်□ | မရှိ□ Â |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်□ | နိမ့်□ Â | မရှိ□ Â |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်□ | နိမ့်□ | မရှိ□ Â |
| ၆ | တီဘီ | မြင့်□ | နိမ့်□ Â | မရှိ□ |
| ၇ | ဆီးချို | မြင့်□ | နိမ့်□ Â | မရှိ□ |
| ၈ | သွေးတိုး | မြင့်□ | နိမ့်□ Â | မရှိ□ |
| ၉ | အသည်းရောဂါ( ဘီ၊ စီ) | မြင့်□ | နိမ့်□ | မရှိ□ Â |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့်□ | နိမ့်□ | မရှိ□ Â |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်□ | နိမ့်□ | မရှိ□ Â |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု(၂)ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။လက်ရှိကျန်းမာရေးအခြေအနေမှာ မြို့နယ်နှင့်ပြည်သူဆေးရုံနှင့်နီးခြင်း သွားလာရေးလွယ်ကူခြင်းကြောင့် အခက်အခဲမရှိကြောင်းတွေ့ရှိပါသည်။**

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | Â | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | Â | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊(၂)ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကာကွယ်ဆေးထိုးလုပ်ငန်းများအနေဖြင့် မြို့နယ်၏ ကျန်းမာရေးအောက်တွင် တည်ရှိ၍ ကာကွယ်ဆေးထိုးလုပ်ငန်းကို လစဉ် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ကလေးသူငယ်ဆေးထိုးစောင့်ရှောက်မှုတို့ကို အပြည့်အဝရရှိပါသည်။**

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐ Â<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐Â<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ Â | ရှိ ☐Â<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐ Â<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐ Â<br>မရှိ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊(၂)ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျန်းမာရေးအနေဖြင့် ဘုတလင်မြို့ မြို့နယ်ဆေးရုံ မြို့နယ် ကျန်းမာရေးဌာနနှင့်မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။**

**(၇.၄)  ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁)  သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေအရည်အသွေး | | | လုံလောက်မှု (မိုး၊ဆောင်း၊နွေ) |
|---|---|---|---|---|---|
| ရေတွင်း | ၁ | ကောင်း☐ | သင့်☐Â | ညံ့☐ | - |
| အဝီစိတွင်း/စက်တပ် | ၁၉၂ | ကောင်း☐ | သင့်☐Â | ညံ့☐ | - |
| အဝီစိတွင်း/ တုံကင် | | ကောင်း☐ | သင့်☐ | ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ | သင့်☐ | ညံ့☐ | - |
| မြစ်/ချောင်းရေ | - | ကောင်း☐ | သင့်☐ | ညံ့☐ | - |
| ရေကန် | | ကောင်း☐ | သင့်☐ | ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ | သင့်☐ | ညံ့☐ | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။  ။ကျေးရွာသောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်စက်ရေတွင်းတူးဖော်အသုံးပြုသူအိမ်ထောင်စု (၁) စုသာရှိပြီး၊ကျန်အိမ်ထောင်စု(၁၇၄)စုသည် ဘုန်းကြီးကျောင်းစက်ရေတွင်းမှ ပိုက်သွယ်၍ လည်းကောင်း၊ အလှူရှင် တစ်ဦးမှ၂''စက်ရေတွင်းမှ လူနည်းစုသော် လည်းကောင်းခွဲဝေ သုံးစွဲကြပြီးကျန်အိမ်ထောင်စုအနည်းသည် ရွာပြင် လက်ကျယ်တွင်းသို့ ခပ်ယူသုံးစွဲကြောင်းတွေ့ရပါသည်။**

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၀၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၂၁ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။  ။ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲကြောင်း တွေ့ရှိရပါသည်။ကျန်အိမ်ထောင်စုများသည် ပူးတွဲသုံးစွဲ မိသားစုများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

(၈)  ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိ |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | ငလျင် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | ရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မရှိ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။  ။ ကျေးရွာတွင် တပေါင်း၊တန်ခူး၊ကဆုန်လများတွင် လေပြင်းတိုက်ခတ်၍ ထိခိုက်မှုမရှိကြောင်း တွေ့ရပါသည်။

(၉)  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄)  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | မြေဆီသြဇာခြေအနေမှာထိခိုက်မှုမရှိပါ။ |
| အပင်မျိုးစိတ်များ | လတ် | မြင်းခွာ၊မုရိုး၊မိုးနှံ |
| ရေအရင်းအမြစ် | | - |
| ငါးမျိုးကွဲများ | | |

| | | |
|---|---|---|
| အခြားတိရစ္ဆာန်မျိုးကွဲများ | | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေဆီဩဇာအခြေအနေမှာ အသင့်တင့်ကောင်းမွန်ပါသည်။**

**(၁၀) ကျား - မ ရေးရာ**

ဇယား (၂၅) ကျား - မ ရေးရာ

| *စဉ်* | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ* □ | *မရှိ* □ Â |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ* □ Â | *မရှိ* □ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် သူခန့် ကိုယ်ဝန် မခွဲခြားပဲ လုပ်ငန်းဟူသမျှ တက်တက်ကြွကြွဖြင့် ပါဝင်လုပ်ကိုင်ကြောင်း တွေ့ရပါသည်။**

# မြို့နယ်ဘုတလင်

## သပြေပင်ကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးငွေသန်း | ဦးထွန်းရီ | ၅/ဘတလ(နိုင်)<br>၀၁၁၆၄၃ | ၅၂ | ကော်မတီဥက္ကဋ္ဌ | ၀၉-၄၅၈၀၆၂၂၃၉ |
| ၂ | ဦးမြင့်ဝင်း | ဦးသန်းမောင် | ၅/ဘတလ(နိုင်)<br>၀၁၁၅၁၃ | ၅၅ | အတွင်းရေးမှူး | ၀၉-၇၈၃၀၈၈၁၇၁ |
| ၃ | ဦးကျော်ဌေး | ဦးဖိုးလှိုင် | ၅/ဘတလ(နိုင်)<br>၀၁၁၆၆၅ | ၅၇ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၈၅၅၆၂၃၄ |
| ၄ | ဦးကျော်မြင့်ဌေး | ဦးတင်သိန်း | ၅/ဘတလ(နိုင်)<br>၀၁၁၄၆၇ | ၄၈ | ဘဏ္ဍာရေးဥက္ကဋ္ဌ | - |
| ၅ | ဦးအောင်မြိုင် | ဦးထွန်းရီ | ၅/ဘတလ(နိုင်)<br>၀၁၁၄၆၅ | ၄၇ | စာရင်းကိုင် | - |
| ၆ | ဦးသန်းဝင်း | ဦးဖား | ၅/ဘတလ(နိုင်)<br>၀၁၁၄၅၅ | ၆၂ | အဖွဲ့ဝင် | - |
| ၇ | ဦးသိန်းထွန်း | ဦးဖေရင် | ၅/ဘတလ(နိုင်)<br>၀၆၂၂၄၈ | ၃၉ | အဖွဲ့ဝင် | - |